# “အလုပ်သင်” ▪ အလုပ်အကိုင်ရှာဖွေခြင်း

## “အလုပ်သင်”

ကျောင်းသားက ကျောင်းတက်ရောက်နေစဉ်အတွင်း ကုမ္ပဏီလုပ်ငန်းများ စသည်တွင် မိမိ၏ မေဂျာဘာသာရပ်၊ အနာဂတ် အသက်မွေးမှုလုပ်ငန်း နှင့် စပ်လျဥ်း၍ လုပ်ငန်းခွင် အတွေ့အကြုံရစေသည့် စနစ်ကို အလုပ်သင်ဟု ခေါ်သည်။ ပညာရေးသင်ရိုးညွှန်းတမ်း၏ တစ်စိတ်တစ်ဒေသအဖြစ် Internship ကို ခရက်ဒစ်အနေဖြင့် အသိအမှတ်ပြုသောကျောင်းများလည်းရှိသည်။ ထိုစနစ် ရှိ၊ မရှိ ကို ကျောင်းရွေးချယ်သည့်အချိန်၌ ကျောင်းသို့ တိုက်ရိုက် မေးမြန်းစုံစမ်းပါ။ အခကြေးငွေရရှိသော အလုပ်သင်ဖြစ်ပါက [permission to engage in activity other than that permitted under the status of residence previously granted] ရယူရန်လိုအပ်ကြောင်း သတိပြုပါ။

### ■ ဂျပန်နိုင်ငံပြင်ပရှိ တက္ကသိုလ်ကျောင်းသားများက ဂျပန်နိုင်ငံတွင်

“အလုပ်အကိုင်” လုပ်သည့်အခါ လိုအပ်သည့်နေထိုင်ခွင့်အမျိုးအစား

ဂျပန်နိုင်ငံပြင်ပရှိ တက္ကသိုလ်တွင် တက်ရောက်နေသည့်ကျောင်းသားများက ၎င်းတက္ကသိုလ်၏ ခရက်ဒစ်ရသည့် ပညာရေးအစီအစဉ်တစ်ရပ်အနေဖြင့် ဂျပန်ကုမ္ပဏီ တစ်ခုနှင့် သဘောတူညီချက်ချုပ်ဆိုပြီး အလုပ်အတွေ့အကြုံယူရန်အတွက် ဂျပန်နိုင်ငံသို့ လာရောက်မည်ဆိုပါက လုပ်အားခပေး မပေး၊ နေထိုင်မည့်ကာလပေါ်မူတည်၍ ၎င်း၏နေထိုင်ခွင့်အမျိုးအစားသည် “သီးခြားသတ်မှတ်သည့်လှုပ်ရှားမှု”၊ “ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု”၊ “ကာလတိုနေထိုင်ခွင့်” ဖြစ်ရမည်။

Ministry of Economy, Trade and Industry (METI) Global Internship Program စီးပွားရေး၊ ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာနသည် နိုင်ငံခြားသား လူငယ်များအတွက် ရည်ရွယ်ကာ ဂျပန်ကုမ္ပဏီများတွင် Internship Program များ ထားရှိပေးထားပါသည်။

စုံစမ်းရန် : Technical Cooperation Division, Trade and Economic Cooperation Bureau, Ministry of Economy, Trade and Industry

TEL : (+81) 3-3501-1937

## အလုပ်အကိုင်ရှာဖွေခြင်း

ဂျပန်နိုင်ငံရှိ တက္ကသိုလ် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြီးသည့်အချိန်အထိ ကုမ္ပဏီအလုပ်အကိုင် မတွေ့ခဲ့ပါက နေထိုင်ခွင့်အမျိုးအစားကို “ပညာတော်သင်” မှ သီးခြားသတ်မှတ်သည့်လှုပ်ရှားမှုသို့ပြောင်းလျှင် ကျောင်းပြီးပြီး တစ်နှစ်အတွင်း ဆက်လက်၍ ကုမ္ပဏီအလုပ်အကိုင်ကို ရှာဖွေနိုင်သည်။ နေထိုင်ခွင့်ကာလသည် ၆ လ ဖြစ်ပြီး၊ သတ်မှတ်ချက်အဖြစ် ၁ ကြိမ်သာ သက်တမ်းတိုးနိုင်ပါသည်။ နေထိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်မှု အသေးစိတ်ကို ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့ စုံစမ်းပါ။

### ■ JASSO ၏ ဝက်ဘ်ဆိုက်တွင် ကုမ္ပဏီအလုပ်အကိုင်ရှာဖွေသည့် အတွေ့အကြုံများ

အလုပ်အကိုင်ရှာဖွေခြင်းဆိုင်ရာ အစီအစဉ်များကို ဖော်ပြပေးထားသည်။

နိုင်ငံတကာကျောင်းသားများအတွက် အလုပ်အကိုင်ရှာဖွေရေးလမ်းညွှန် (JASSO)

http://www.jasso.go.jp/en/study_j/job/guide.html

Japan Alumni eNews（JASSO）

http://www.jasso.go.jp/en/study_j/enews/index.html



